# MAEX

Myanmar Agro Exchange Public Co., Ltd.

10st March 2023 (Friday)

## Special General Meeting

Online Meeting

(10:00 AM)

(Shareholders Online Registration- 13-2-2023 to 6-3-2023)

“အစုရှယ်ယာရှင်များအနေဖြင့် အသေးစိတ် သိရှိလိုသည်များရှိပါက Phone Number; 09889955485, 09885522033 များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

”

“

# ဖိတ်ကြားလွှာ

မြန်မာအက်ဂရို အိတ်(စ်)ချိန်း၊ အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်( MAEX )၏

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးကို

အွန်လိုင်းအသုံးပြု၍ ၁၀-၃-၂၀၂၃ ရက်နေ့(သောကြာနေ့)နံနက်(၁၀:၀၀)နာရီတိတိအချိန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍

အစုရှယ်ယာရှင်များ သိရှိနိုင်ပါရန် လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

ဒါရိုက်တာအဖွဲ့

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၂၀၂၃ ခုနှစ်၊ မတ်လ (၁၀)ရက်(သောကြာနေ့) |
| အစည်းအဝေးစတင်မည့်အချိန် | - | နံနက်(၁၀:၀၀)နာရီတိတိ |
| ကျင်းပမည့်ပုံစံ | - | ZOOM WEBINAR |

- MAEX Co.,Ltd. သာမာန်ထက်ထူးကဲသော အထွေထွေ အစည်းအဝေးနှင့်ပတ်သက်သည့်အချက်အလက်များကို အစုရှယ်ယာရှင်များသိရှိ၍ အစည်းအဝေး တက်ရောက်ရန်အတွက် Online Registration ပြုလုပ်နိုင်ရန် (၁၀-၂-၂၀၂၃)ရက်နေ့တွင် Website တွင် တင်ပြထားမည့်အပြင်အစုရှယ်ယာရှင်များ၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မှတ်ပုံတင်ထားသောတယ်လီဖုန်းနံပါတ်များသို့လည်း SMS ပေးပို့ အကြောင်းကြားသွားမည်ဖြစ်ပါသည်။
- ရန်ကုန်စတော့အိတ်(စ်)ချိန်းသို့တက်ရောက်ရန် လိုအပ်သော ပြင်ဆင်ဖြည့်စွက်ပြီး ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအတည်ပြုခြင်းနှင့်ပတ်သတ်ပြီးဆန္ဒမဲပေးနိုင်ရန်နှင့် အစည်းအဝေးတက်ရောက်နိုင်ရန်အတွက် Online Registration ပြုလုပ်ထားသော အစုရှယ်ယာရှင်များ၏ တယ်လီဖုန်းနံပါတ်များသို့ SMS ဖြင့် Voting Link နှင့် Zoom Link များအား AGM အစည်းအဝေးမကျင်းပမီ (၉-၃-၂၀၂၃)ရက်နေ့ တွင် ထပ်မံပေးပို့သွားမည်ဖြစ်ပါသည်။

# အစုရှယ်ယာရှင်များအားအသိပေးခြင်း

၁။ မြန်မာအက်ဂရို အိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ရန်ကုန်စတော့အိတ်(စ်)ချိန်းသို့ တက်ရောက်ရန် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း အပိုဒ်များ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ခြင်း နှင့်စပ်လျဉ်း၍ အထူးဆုံးဖြတ်ချက်များ ချမှတ်ရန်အတွက် သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေး ကို Online အသုံးပြုပြီး ၁၀-၃-၂၀၂၃ ရက်နေ့ (သောကြာနေ့) နံနက် (၁၀:၀၀)နာရီတိတိအချိန်တွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

၂။ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေး တွင် အောက်ဖော်ပြပါ အခမ်းအနားအစီအစဉ်အတိုင်း ကျင်းပဆောင်ရွက် မည်ဖြစ်ပါသည်။

(က) ရန်ကုန်စတော့အိတ်(စ်)ချိန်းသို့ တက်ရောက်ရန်အတွက် လိုအပ်သော ပြင်ဆင်ဖြည့်စွက်မှုများ ပြုလုပ်ထားသည့် ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းအား အစုရှယ်ယာရှင်များထံမှ အတည်ပြုချက်ရယူခြင်း။

(ခ) အစုရှယ်ယာရှင်များ အတည်ပြုထားသော ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း စတင်အသက်ဝင်သည့်နေ့အား ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့်သတ်မှတ်ရန် အစုရှယ်ယာရှင်များ၏ သဘောတူ အတည်ပြုချက်ရယူခြင်း။

၃။ အစုရှယ်ယာရှင်များ အနေဖြင့် အစည်းအဝေးတက်ရောက်ရန် Online Register ပြုလုပ်ရမည်ဖြစ်ပြီး Online Register ပြုလုပ်ရန် Link အား အစုရှယ်ယာရှင်များ၏ မှတ်ပုံတင်ထားသော ဖုန်းနံပါတ်သို့ **SMS** ပေးပို့သွားမည်ဖြစ်ပါသည်။ **မှတ်ပုံတင်ခြင်းကို ၆-၃-၂၀၂၃ ရက်နေ့ (တနင်္လာနေ့) ညနေ(၄:၃၀)နာရီထက် နောက်မကျဘဲ နောက်ဆုံးထား၍** ပြုလုပ်ရမည်ဖြစ်ပါသည်။

၄။ Online Registration ပြုလုပ်ရန် အခက်အခဲရှိသည့် အစုရှယ်ယာရှင်များအနေဖြင့် MAEX ၏ Viber Phone Number; 09 889955485 နှင့် 09 885522033 သို့ အစုရှယ်ယာရှင်၏ မှတ်ပုံတင်မူရင်းကို ရှေ့နောက် ဓါတ်ပုံရိုက်၍ အမည်၊ မှတ်ပုံတင်အမှတ်နှင့် မိုဘိုင်းဖုန်းနံပါတ်တစ်ခုဖြင့်သာ အစုရှယ်ယာရှင်ကိုယ်တိုင် စာရင်းပေးသွင်း ဆောင်ရွက်နိုင်ပါသည်။